ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ( ၁ ) ရက်

# Shipping Circular No. 1/2013

အကြောင်းအရာ။ Myanmar Seafarer Medical Certificate များအား ပုံစံအသစ်ဖြင့် ပြောင်းလဲ ထုတ်ပေးမည့်ကိစ္စ

၁။ မြန်မာပင်လယ်ကူးသင်္ဘောသားများ၏ ကျန်းမာရေးစစ်ဆေးခြင်းကို ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိအမှတ်ပြု ဆေးခန်းများတွင် စစ်ဆေး၍ Medical Certificate များအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ထုတ်ပေးခဲ့ပါသည်။ ယခုအခါတွင် STCW 1978 Convention, Manila Amendments အရလည်းကောင်း၊ Maritime Labour Convention (MLC), 2006 အရလည်းကောင်း လိုအပ်ချက်များ ကိုက်ညီစေရန်နှင့် ခေတ်နှင့်လျော်ညီစေရန် ၁-၁-၂၀၁၃ နေ့မှစ၍ ပုံစံတစ်မျိုးတည်းဖြင့် သတ်မှတ်ထားသော ဆေးခန်းအသီးသီးမှ ထုတ်ပေးမည် ဖြစ်ပါသည်။

၂။ ယခင်ထုတ်ပေးထားသော Medical Certificate များသည်လည်း ၎င်းတို့သက်တမ်း ကုန်ဆုံးသည့်နေ့အထိ ဆက်လက်အကျုံးဝင်မည် ဖြစ်ပါသည်။ ၁-၁-၂၀၁၃ နေ့မှစ၍ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိအမှတ်ပြုထားသော ဆရာဝန်များမှ သက်ဆိုင်ရာ ဆေးခန်း အသီးသီးတွင် ကျန်းမာရေးဆေးစစ်မည့် မြန်မာသင်္ဘောသားများအား ဤဦးစီးဌာနမှ တပြေးညီ သတ်မှတ်ထားသော Medical Certificate ပုံစံသစ်များဖြင့် ထုတ်ပေးသွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်
မြန်မာသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း
သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲ } သိရှိနိုင်ပါရန်နှင့် သင်္ဘောကုမ္ပဏီများသို့ ဖြန့်ဝေပေးနိုင်ပါရန်

စက်မှုဌာနခွဲ
ရေကြောင်းဌာနခွဲ
အုပ်ချုပ်ရေးဌာနခွဲ
ကြော်ငြာသင်ပုန်း
ရုံးလက်ခံ
မျှော